# ၁၉၆၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့ဥပဒေ။

## [၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၃၁။]

ပြည်ထောင်စုမြန်မာနိုင်ငံအား၊ အပြည်ပြည်ဆိုင်ရာ ကြီးပွါးရေးအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်စေရန်ဥပဒေ။

အပြည်ပြည်ဆိုင်ရာကြီးပွါးရေးအဖွဲ့ သဘောတူစာချုပ်ပါ အပိုဒ်များကို၊ အပြည်ပြည် ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ် အမှုဆောင်ဒါရိုက်တာများက၊ ၁၉၆၀ ပြည့်နှစ်၊ ဇန္နဝါရီလ ၂၆ ရက်နေ့တွင် သဘောတူပြီးဖြစ်၍၊ အစိုးရများ၏ ကိုယ်စား လက်မှတ်ရေးထိုးရန်နှင့် လက်ခံ ရန် အဆိုပါဘဏ်တွင် ပေးအပ်ထားပြီး ဖြစ်သောကြောင့်တကြောင်း။

ထို့ပြင် အထက်တွင်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့်အညီ၊ အဆိုပါအဖွဲ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ပါဝင်ရေးအတွက် ပြဋ္ဌာန်းရန် လိုအပ်သည်ဖြစ်သောကြောင့်တကြောင်း။ ထိုအကြောင်းများကြောင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အမည်။

၁။ ။ ဤဥပဒေကို၊ **၁၉၆၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ကြီးပွါးရေးအဖွဲ့ဥပဒေ** ဟုခေါ်တွင်စေရမည်။

အဓိပ္ပါယ်ဖေါ်ပြချက်။

၂။ ။ ဤဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင် လျှင်-

(က) "စာချုပ်ပါအပိုဒ်များ" ဆိုသည်မှာ၊ ဤဥပဒေပါဇယားတွင် ဖေါ်ပြထားသည့်၊ အပြည်ပြည်ဆိုင်ရာ ကြီးပွါးရေးအဖွဲ့ သဘောတူစာချုပ်ပါ အပိုဒ်များကို ဆိုလိုသည်။

(ခ) "ဘဏ်" ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ်ကို ဆိုလို သည်။

(ဂ) "အဖွဲ့" ဆိုသည်မှာ၊ အပြည်ပြည်ဆိုင်ရာ ကြီးပွါးရေးအဖွဲ့ကို ဆိုလိုသည်။

(ဃ) "လွယ်ကူစွာလဲလှယ်နိုင်သော နိုင်ငံသုံးငွေ" ဆိုသည်မှာ၊ စာချုပ်ပါအပိုဒ်များတွင် ထိုစကားရပ်နှင့် ပတ်သက်၍ အဓိပ္ပါယ်ဖေါ်ပြထားသည့် နိုင်ငံသုံးငွေကိုဆိုလိုသည်။

စာချုပ်ပါ အပိုဒ်များကို လက်မှတ်ရေးထိုးရန်အာဏာအပ်နှင်းခြင်း။

၃။ ။ ပြည်ထောင်စုမြန်မာနိုင်ငံသည်၊ အဖွဲ့တွင်အဖွဲ့ဝင်နိုင်ငံအဖြစ်လက်ခံနိုင်ရန် အလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌက မိမိလက်မှတ်ရေးထိုးသော စာချွန်တော်ဖြင့်၊ ထိုစာချွန်တော် တွင် အမည်ဖေါ်ပြထားသူအား၊ အောက်ပါကိစ္စများကို ဆောင်ရွက်ရန် အာဏာအပ်နှင်းနိုင်သည်။

(က) စာချုပ်ပါအပိုဒ်များကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကိုယ်စား လက်မှတ် ရေးထိုးရန်ကိစ္စ။ ထို့ပြင်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက စာချုပ်ပါအပိုဒ်များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တရားဥပဒေများနှင့်အညီ ခြွင်းချက်မရှိ လက်ခံပြီးဖြစ်ကြောင်းဖြင့်၎င်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်

Myanmar Law Information System (MLIS)

လုပ်ရေးအစိုးရအား၊ စာချုပ်ပါ အပိုဒ်များအရ၊ မိမိ၏ တာဝန်အားလုံးကို ဆောင်ရွက်နိုင်စေရန် လိုအပ် သည့်အတိုင်း အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်းဖြင့်၎င်း၊ ဖော်ပြသည့် စာချွန်တော်ကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား၊ ဘဏ်သို့ပေးအပ်ရန်ကိစ္စ။

ပြည်ထောင်စုဘဏ်သည်၊ အဖွဲ့အတွက် ငွေအပ်နှံရာ ဘဏ်ဖြစ်ခြင်း။

၄။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သည်၊ အဖွဲ့ပိုင်မြန်မာနိုင်ငံသုံးငွေများနှင့် အခြားပစ္စည်းများ အပ်နှံရာဘဏ် ဖြစ်ရမည်။

အဖွဲ့သို့ ကနဦးထည့်ဝင်ရန်ကြေးငွေ။

၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံမှ ကနဦးထည့်ဝင်ရန် ကြေးငွေသည်၊ အမေရိကန် ဒေါ်လာ ၂၀,၂၀,၀၀၀ (ဒေါ်လာနှစ်သန်းနှစ်သောင်း) ဖြစ်ရမည်။

အဖွဲ့သို့ ထည့်ဝင် ရန်ကြေးငွေကို ပေးရန်နည်းလမ်းသတ်မှတ်ခြင်း။

၆။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံမှ ကနဦးထည့်ဝင်ရန် ကြေးငွေ၏ ဆယ်ရာခိုင်နှုန်းအောက် မနည်း သည့် ငွေကို၊ ရွှေဖြင့်ဖြစ်စေ၊ လွယ်ကူစွာ လဲလှယ်နိုင်သော နိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ ပေးရမည်။ ကျန်ငွေ ကို မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည်။

(၂) ပုဒ်မခွဲ (၁) တွင် သီးခြားဖော်ပြထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံမှ ကနဦးထည့်ဝင်ရန် ကြေး ငွေများအနက်၊ စာချုပ်ပါအပိုဒ်များရှိ အပိုဒ် ၂၊ အပိုင်း၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ ရွှေဖြင့်ဖြစ်စေ၊ လွယ် ကူစွာလဲလှယ်နိုင်သော နိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံသုံးငွေဖြင့်ဖြစ်စေ၊ ပေးနိုင်သည့် ထည့်ဝင်ရန် ကြေးငွေအချို့အဝက်ကို၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခွန်တော်ငွေများထဲမှ ပေးရမည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်လုပ်ရေးအစိုးရသည်၊ စာချုပ်ပါအပိုဒ်များအနက်၊ အပိုဒ် ၂၊ အပိုင်း ၂၊ စာပိုဒ် (၁) အရ၊ အဖွဲ့ကလက်ခံရန်ဆုံးဖြတ်သည့် အတိုးမရှိ၊ မလွှဲပြောင်းနိုင်သော အာမခံလက်မှတ်များ ကိုဖြစ်စေ၊ အခြားခံဝန်ချုပ်များကို ဖြစ်စေ၊ မိမိသင့်သည်ထင်မြင်သည့်အတိုင်းပြုလုပ်၍၊ အဖွဲ့အား၊ အကယ်၍ အဖွဲ့ကသာထိုသို့လက်မခံခဲ့သော်၊ ပြည်ထောင်စုမြန်မာနိုင်ငံမှ မြန်မာနိုင်ငံသုံးငွေဖြင့် ပေးရမည်ဖြစ်သည့် ကနဦးထည့်ဝင်ရန်ကြေးငွေအချို့အဝက်အစား ထုတ်ပေးနိုင်သည်။

အဖွဲ့သို့ ပေးရန်ရှိသည့်အခြားငွေများ။

၇။ ။ ပြည်ထောင်စု မြန်မာနိုင်ငံအခွန်တော်ငွေများထဲမှ အောက်ပါငွေများကိုပေးရမည်-

(က) {အဖွဲ့ဝင်နိုင်ငံတို့၏ ငွေတန်ဘိုး၊ သို့တည်းမဟုတ် ငွေချင်းလဲလှယ်ရာတွင် အသုံးပြုသည့် နှုန်းထား (the par or the foreign exchange value) အပြောင်းအလဲနှင့်သက်ဆိုင်သည့်} စာချုပ်ပါအပိုဒ်များ အနက်၊ အပိုဒ် ၄၊ အပိုင်း ၂ အရ၊ အဖွဲ့သို့ပေးရမည့်ငွေအားလုံး၊ ထို့ပြင်

(ခ) အဖွဲ့သို့ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များကို၊ ပြန် ရွေးရန်လိုအပ်သည့်ငွေအားလုံး။

ပြည်ထောင်စုဘဏ်သို့အစိုးရအာမခံလက်မှတ်များ၊သို့တည်းမဟုတ် ခံဝန်ချုပ်များထုတ်ပေးခြင်း။

၈။ ။ (၁) ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၇ အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခွန်တော် ငွေများထဲမှ ပေးရမည့်ငွေများ အသင့်ရနိုင်ရန်ကိစ္စအလို့ငှါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုး ရသည်၊ အတိုးမရှိ၊ မလွှဲပြောင်းနိုင်သော အာမခံလက်မှတ်များကိုဖြစ်စေ၊ ခံဝန်ချုပ်များကိုဖြစ်စေ၊ မိမိ သင့်သည်ထင်မြင်သည့်အတိုင်း ပြုလုပ်၍၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သို့ ထုတ်ပေးခြင်းဖြင့် ငွေများချေးယူနိုင်သည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်အက်ဥပဒေ (၁၉၅၂ ခုနှစ်၊ ချက်ဥပဒေ၊ အမှတ် ၉) တွင် မည်သို့ ပင်ပါရှိစေကာမူ၊ ပုဒ်မခွဲ (၁) ပါပြဋ္ဌာန်းချက်များဖြင့်အညီ ပြုလုပ်ထုတ်ပေးထားသည့် အာမခံလက်မှတ် များကို၊ သို့တည်းမဟုတ် ခံဝန်အပ်များကိုလက်ခံ၍ လက်ရှိထားရန် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်အား၊ ဤဥပဒေနှင့် အာဏာအပ်နှင်းသည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်သို့ ပြုလုပ်ထုတ်ပေးထားသည့် အာမခံ လက် မှတ်များ၊ သို့တည်းမဟုတ် ခံဝန်ချုပ်များ ပြန်ရွေးရန် လိုအပ်သောငွေအားလုံးကို၊ ပြည်ထောင်စု မြန်မာ နိုင်ငံအခွန်တော်ငွေများထဲမှ ပေးရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံအ တွင်း အဖွဲ့အားပေးသည့် အဆင့်အတန်း၊ ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများ။

၉။ ။ စာချုပ်ပါ အပိုဒ်များအနက်၊ အပိုဒ် ၈၊ ၂ မှ ၉ ထိဖြစ်သောအပိုင်းများတွင်ပါရှိသော ပြဋ္ဌာန်းချက် များသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၌ တရားဥပဒေကဲ့သို့ အာဏာတည်စေရမည့်ပြင်၊ ထိုသို့ အာဏာ တည်သည့်အားလျော်စွာ၊ အဖွဲ့သည်လည်း-

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ စာချုပ်ပါအပိုဒ်များအနက် အပိုဒ် ၈၊ အပိုင်း၂ တွင် သတ်မှတ် ထားသော အဆင့်အတန်းနှင့် အရည်အချင်းများရရှိစေရမည်။ ထို့ပြင်

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း အဆိုပါ အပိုဒ် ၈၊ ၃ မှ ၉ ထိဖြစ်သော အပိုင်းများတွင် သတ်မှတ် ထားသော ကင်းလွတ်ခွင့်များနှင့် အထူးအခွင့်အရေးများရရှိစေရမည်။

နည်းဥပဒေများ ပြုနိုင်သည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး ကောင်စီဥက္ကဋ္ဌ၏ အာဏာ။

၁၀။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ စာချုပ်ပါအပိုဒ်များရှိ မည်သည့် ပြ ဋ္ဌာန်းချက်ကိုမဆို ထိရောက်စွာ ဆောင်ရွက်ရန်၊ အကြောင်းအားလျော်စွာ လိုအပ်သည်ဟု ယူဆသည့် နည်းဥပဒေများကို ပြုနိုင်သည်။

----- Footnote -----

[ပင်ရင်း- တော်လှန်ရေးကောင်စီခေတ် ဥပဒေများအတွဲ(၁) မှ ကူးယူတင်ပြသည်။]